# Minutes of Myanmar Language Information Management Network Meeting

*30th March 2022, 2PM MMT, online via Zoom*

## Agenda

1. Organisational Data Protection Policy– *Presented by MIMU*
2. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
3. အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)
Participants: WFP, MRCS, MIMU, TAF, ICRC, Jhpiego, RCO, UNFPA, SCI, UNOCHA (13 participants from 10 organisations)

## 1. Organisational Data Protection Policy – *Presented by MIMU*

အဖွဲ့အစည်းများတွင် data အချက်အလက်များကို စီမံခန့်ခွဲခြင်း နှင့် လုံခြုံစေရန် ထိန်းသိမ်း ကာကွယ်မှု များ ကို ဆွေးနွေးခဲ့သည်။ အကြောင်း အမျိုးမျိုးကြောင့် အချက်အလက်များ မပျက်စီး မပျောက်ဆုံး သွားစေရန် ရည်ရွယ်ပြီး တက်ရောက် လာသော အဖွဲ့အစည်း များ မှ လည်း ၄င်း တို့ လုပ်ဆောင်နေမှု များ ကို ပြောကြား ဆွေးနွေးခဲ့သည်။ MIMU မှ စတင်၍ နှစ်ပိုင်း ခွဲ၍ တင်ပြ ခဲ့ပြီး ပထမပိုင်း တွင် data protection ၏ အခြေခံ သဘောတရား များ ကို ပြောပြီး ဒုတိယ ပိုင်း တွင် MIMU ၏ လုပ်ဆောင်နေမှု များ ကို ပြောပြ ခဲ့သည်။

Data protection ၏ သဘောတရားများအနေဖြင့် အချက်အလက်များကို ပျက်စီးဆုံးရှုံးမှု မရှိစေရန်မည်သို့ ကာကွယ်မည်၊ ကာကွယ်ရန် အရေးကြီး ရသည့် အကြောင်း၊ Do No Harm အစရှိသော အရေးကြီး သည့် rules များ၊ risks များ ကို သတိထားရန်၊ ဖြစ်လေ့ရှိသော data ကျိုးပေါက်မှုများ၊ data များကို ထိန်းသိမ်းရန် မှန်ကန်သော နည်းလမ်းများ၊ အထူး case အနေဖြင့် ဓာတ်ပုံ ဗီဒီယို များ နှင့် ဆိုင်ရာ သတိထားရမည်များ အစရှိသည့် အကြောင်းအရာ များကို ဆွေးနွေးခဲ့သည်။

OCHA မှ သတ်မှတ်ထား သော Data Sensitivity Classification ကို ပြသခဲ့ပြီး Public, Restricted, Confidential, Strictly Confidential အဆင့်များ ကို တစ်ခုချင်း၍ အဓိပ္ပာယ် ဖွင့်ဆိုချက် များ ကို ဆွေးနွေးသည်။ MIMU အနေဖြင့် အဆိုပါ scheme ပေါ် မူတည်၍ data ကို မည်သူ access နိုင်သည့် အချက်ပေါ်မူတည်၍ Level 0,1,2,3 စသဖြင့် Level အလိုက် ကိုယ်ပိုင် classification system တစ်ခု ကို ပြုလုပ်ခဲ့သည်။ Data/ Product တစ်ခု ကို စတင်ပြုလုပ်ချိန် မှ စ၍ ထုတ်ပြန်၊ သိမ်းဆည်းသည် အထိ sensitivity classification ဆိုင်ရာ အဆင့်ဆင့် ကိုင်တွယ် လုပ်ဆောင်ချက် များ ကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

အထက်ပါ protocol ကို လုပ်ဆောင်ရာတွင် staff များ ကို orientation ပေးခြင်း၊ spreadsheet ဖြင့် လက်ရှိအခြေအနေ ကို မှတ်တမ်း တင်ထားခြင်း၊ file များ ကို သတ်မှတ်ထားသည့် အတိုင်း restrict လုပ်ခြင်း၊ file/folder များ ကို label/ organize လုပ်ခြင်း တို့ လုပ်ဆောင်သည်။

Do No Harm သဘောတရား ကို လိုက်နာရန်၊ data protection သည် စဉ်ဆက်မပြတ် ပြောင်းလဲနေသော ဖြစ်စဉ် ဖြစ်ကြောင်း သတိချပ်ရန်၊ စည်းမျဉ်း များ ကို လိုက်နာသည် ထက် ပိုပြီး ယဉ်ကျေးမှု နှင့် ကိုယ်ပိုင် ခံယူချက် များ အပေါ်လည်း မူတည်ကြောင်း၊ အဖွဲ့အစည်း တွင်း မူဝါဒ ကိုသာ မက အခြား ကျယ်ပြန့်သော data management ဆိုင်ရာ စည်းကျပ်မှု များ ကို လည်း သတိထား လိုက်နာရန် ဆွေးနွေးခဲ့သည်။ ဖိုင် နာမည် များ email များ ကို label တပ်ခြင်း သည် ထိရောက်ကြောင်း ထပ်လောင်း ဆွေးနွေး ခဲ့သည်။

တက်ရောက်လာ သော အဖွဲ့အစည်း များ ထဲမှ UNRCO, The Asia Foundation, WFP, UNFPA, ICRC, MRCS, OCHA, Save The Children တို့ က ၎င်း တို့၏ အဖွဲ့အစည်း များ အတွင်း လုပ်ဆောင်မှု အခြေအနေ များ ကို ဆွေးနွေးခဲ့ကြသည်။

## 2. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**MIMU**။ လတ်တလော တွင် MIMU 5W ကို ကောက်ခံနေပါသည်။ MIMU 3W သည် မည်သူတွေ မည်သည့်နေရာတွင် မည်သို့သောစီမံကိန်းများ လုပ်ဆောင်နေသည့် အချက်အလက်ကောက်ယူခြင်းအပြင် မည်သည့်အချိန်အတောအတွင်းတွင် မည်သူ့အတွက်လုပ်ဆောင်ခြင်းစသော အချက်အလက်များကိုပါ ကောက်ယူခြင်းကြောင့် 5W အဖြစ် ပြောင်းခြင်း ဖြစ်ပါသည်။ ကောက်ယူရရှိထားပြီးသသော 5W အချက်အလက်များကို combine နှင့် data cleaning လုပ်နေပြီး April လ မကုန်ခင် Dashboard နှင့် Data File များ ထွက်ရန် စီစဉ်နေပါသည်။ May လ အတွင်းတွင် မြေပုံများ နှင့် Overview Report များ ထွက်ပါမည်။ GIS Working Group meeting ကို April 21 ရက်နေ့ တွင် လုပ်ပါမည်။ လျှပ်စစ်မီးရရှိမှု ပြဿနာများ ကြားထဲမှ ပြောင်းလဲမှုလေးများ ပြုလုပ်၍ Data Analysis training ကို အောင်မြင်စွာ ပြီးစီးခဲ့သည်။ April လ အတွင်းတွင် လက်ရှိ ပြုလုပ်နေသော Analytical Brief တစ်ခု ထွက်ရန် ရည်ရွယ်ထားသည်။

## 3. အခြားဆွေးနွေးမှုများ

နောက် meeting ကို မေလ နောက်ဆုံးပတ် ဗုဒ္ဓဟူးနေ့ May 25 တွင် လုပ်ပါမည်။ လက်ရှိ တွင် ရည်ရွယ် ထားသော topic မှာ မျိုးစုံ ဖြစ်နေသော 3W 4W 5W ပြုလုပ် ကောက်ခံသူ များ ကို ဖိတ်ခေါ်၍ ကွဲလွဲနေသော မေးခွန်း များ နှင့် timeline များ ကို ညှိနှိုင်း၍ streamline နှင့် harmonize လုပ်ရန် ဖြစ်သည်။ တက်ရောက်လာသူများ အနေဖြင့် လည်း user နေရာ မှ အမြင်ဖြင့် ဆွေးနွေး နိုင်ရန် ဖြစ်သည်။

### Action Points

| No. | Action Point | Responsible | Deadline |
|---|---|---|---|
| 1 | 3W 4W 5W ပြုလုပ် ကောက်ခံသူ များ ကို ဖိတ်ခေါ်ရန် | Ei Ei Thein | May 25th 2022 |